# “ကလေးများအားအရွယ်ရောက်လာစေရန်ကြိုတင်ပြင်ဆင်ပေးခြင်း”

# PREARING YOUR CHILDREN FOR ADULTHOOD

## (From “The Teaching Home”)

သင်၏ကလေးငယ်များ ဆယ်ကျော်သက်အရွယ် ဝင်ရောက်လာသည်နှင့် သင့်တွင်ပူပန်မှုများ အပြေးအလွှားဝင်ရောက်လာပေတော့မည်။ သူတို့အား နေအိမ်တွင်ပင် လေ့ကျင့်သင်ကြားပေးခြင်းကို သင်ဆက်လက်ဆောင်ရွက်ပါသလား။ သင်သည် အထက်တန်းဘာသာရပ်များကို သင်ကြားပေးနိုင်ပါသလား။ သူတို့ ကောလိပ်ကျောင်းသို့တက်ပါမည်လား။ သူတို့ကြီးပြင်းလာလျှင် ဘာလုပ်ကြမည်နည်း။ (သူတို့ကြီးပြင်းလားရမည်ကား အမှန်ပင်မဟုတ်လား။) သူတို့သည် ဘယ်လိုလူကြီးမျိုးများ ဖြစ်လာကြမည်နည်း။

သင်၏ကလေးများ လူကြီးဘဝဝင်ရောက်ရန် အဆင်သင့်ဖြစ်ဖို့ သင်မည်သို့ဆောင်ရွက် ပေးနိုင်သနည်း။ သင့်တွင် အဆင်သင့်မဖြစ်သေးပါက သင့်အားလမ်းညွှန်နိုင်မည့်အချက်များကို နောက်ကြောင်းပြန်၍ရေတွက် မှတ်သားရန်တန်ပေပြီ။ အမျိုးအစားတစ်ခုချင်းအတွက် သင်၏ရည်မှန်းချက်များကို အသေးစိတ်ရေးချပါ။ စည်မရေးမီ သင့်တွင်တစ်ကမ္ဘာလုံးကတွေးသလို တွေးရိုးတွေးစဥ်မဖြစ်ရလေအောင်သင်၏ ဦးနှောက်ထဲမှ အတွေးများကိုရှင်းထုတ်ထားပါ။

### အများလက်ခံထားသောယုံတမ်းစကားများ

**ပထမယုံတမ်းစကား – ဆန့်ကျင်ဖီလာပြုခြင်းသည် ကြီးပြင်းလာခြင်း၏ လိုအပ်သောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။**

လောကကြီးက ကလေးများသည် နေအိမ်မှဘယ်တော့မှ စွန့်ခွာကြလိမ့်မည်မဟုတ်။ သဘာဝအတိုင်း ဖီလာဆန့်ကျင်ပြုတတ်သည့်ကာလတစ်ခုကို ကျော်ဖြတ်ခြင်းမပြုရလျှင် သူတို့ဘယ်တော့မှ အမှီအခိုကင်းလိမ့်မည်မဟုတ်ဟု ယုံကြည်ထားသည်။

ကျွန်ုပ်တို့၏ ယဥ်ကျေးမှုတွင် ခရစ်ယာန်ဘာသာဝင်များအကြားတွင်သော်မှ ဆယ်ကျော်သက်အရွယ် ဖီလာဆန့်ကျင်မှုကို အများလက်ခံထားသော အမှန်တရားအဖြစ် ယုံကြည်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် “ထိုကိစ္စကို ဘုရားသခင်က မည်သို့မိန့်ကြားသနည်း” ဟုမေးစရာ ဖြစ်လာသည်။ မိဘများအား ဖီလာဆန့်ကျင်ပြုသော ကလေးများ (လူကြီးများပင်) သည် မိုးဇက် (Moses) ၏ ဥပဒေသနှင့် ပြင်းထန်စွာကြုံတွေ့ခဲ့ကြရပေသည်။ ထို့ပြင် ကလေးများအား ဖီလာဆန့်ကျင်ခြင်းကို ခွင့်ပြုသောမိဘများသည်လည်း အေးလိ (Eli) ၏နမူနာကို ယူကြရပေမည်။ ဘုရားသခင်တပည့် သာဝကတစ်ဦးသည် ဘုရားသခင်အား မည်မျှပင်ကြည်ညိုလေးစားစေကာမူ သူ၏သားလေး သေဆုံးခြင်းသာမက သူကိုယ်တိုင်သေဆုံးရသည့်အပြင် သူ့မိသားစု၏ တပည့်သာဝကစာရင်းမှလည်း ရာသက်ပန်ပယ်ဖျက်ခံရပေသည်။ လူငယ်များ၏ ပြင်းထန်သောဖီလာဆန့်ကျင်မှုကို ဘုရားသခင်က “ငြင်းဆန်သောသဘောသည် နတ်ဆိုးနှင့်ပေါင်းသင်ခြင်း ကဲ့သို့လည်းကောင်း” ဟုမိန့်မှာတော်မူ၏။ (ဓမ္မရာဇဝင် ပထမစောင် ၁၅း၂၃)

မှန်ပေသည်။ ဖီလာဆန့်ကျင်ခြင်း၊ ငြင်းဆန်ခြင်းသည် သဘာဝတရားပင် ဖြစ်ပါသည်။ သို့သော် ခရစ်ယာန်များဖြစ်ကြသော ကျွန်ုပ်တို့အနေဖြင့် သဘာဝတရားကို မွေးဖွားပြီးသည်နှင့် ခွာချွတ်ပြစ်ခဲ့ကြကာ ဝိညာဥ်နှင့်ရှင်သန်နေထိုင်လာကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် ကလေးများ၏ နာခံမှုအတွက် ကျွန်ုပ်တို့တွင် နမူနာကောင်းများ ရရှိခဲ့ပြီးဖြစ်ပါသည်။ ပထမနမူနာမှာ “သားသမီးတို့ ဘုရားသခင်၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။ မိဘကိုရိုသေစွာပြုလော့။ ဤပညတ်တော်ကား သင်သည် ပြည်တော်၌ကောင်းစား၍ အသက်တာရှည်မည်အကြောင်း ဟူ၍ကတိတော်နှင့်ဆိုင်သော ပထမပညတ်တော်ဖြစ်၏” ဟူ၍ဖြစ်၏။ ထို့ကြောင့် ဤပညတ်တော်ကို ဆန့်ကျင်၍ ကျွန်ုပ်တို့၏ ကလေးများအား ဆန့်ကျင်ဖီလာပြုခြင်းကို ခွင့်မပြုအပ်ပေ။ (ဧဖက်သြဝါဒစာ ၆း ၁–၃)

ဆယ်ကျော်သက်များသည် ၎င်းတို့၏ ပျိုမြစ်သန်မာသော ဆန္ဒများကို သူတို့မိဘများအား တင်ပြနိုင်ပါသလား။ ထိုသို့တင်ပြရန် ဘုရားသခင်က မိန့်မှာထား၏။ သူ့အားယုံကြည် လေးမြတ်သူများအတွက် အဆင်ပြေအောင်ဖြည့်ဆည်းပေးလိမ့်မည်။ မိဘများဖြစ်ကြသောကျွန်ုပ်တို့ကလည်း သူတို့အတွက် မည်သို့အဆင်ပြေအောင် စီစဥ်ပေးနိုင်ပါသနည်း။ သင်၏ ကလေးများ ဆယ်ကျော်သက်အရွယ်မရောက်မီ စောစီးသောကာလများပင် အဆိုပါဝိညာဥ်တော်ဆိုင်ရာ အမှန်တရားကို သင်ကြားပေးရမည်။ သင်သည် သူတို့၏အနာဂတ်ကို သူတို့နှင့်အတူ တည်ဆောက်နေသကဲ့သို့ သူတို့၏ ဆယ်ကျော်သက်ဘဝကိုလည်း ပေါင်းစည်းညီညွတ်သော ပူးပေါင်းဆောင်ရွက်တတ်သောနောက်လိုက်ကောင်းတစ်ဦး ကာလအဖြစ် သင်မျှော်မှန်းထားကြောင်းကို ကလေးငယ်များ သိရှိနေပါစေ။ လူငယ်တို့၏ယဥ်ကျေးမှုကိုအနိမ့်ဆုံးဖြစ်အောင် (ဥပမာ တီဗွီအစီအစဥ်များ၊ စာအုပ်များနှင့် သာမန်လူငယ်တို့ ဘဝအချို့၏ ကမ္ဘာ့အပြင်ကို ဖော်ပြသည့်ရုပ်ရှင်ဇာတ်လမ်းများ) စီစဥ်ပြီး သူတို့အား ယင်းတို့၏အမှားများကို အခွင့်ကြုံတိုင်း ထောက်ပြပါ။ အများမိုးခါးရေ သောက်နေသောမိုက်မဲသည့်ဖြစ်ရပ်များကို အခွင့်သင့်တိုင်း ရှင်းပြပါ။ (ဥပမာ "Alcott's Eight Cousins " & "Rose in Bloom") “သူတို့သည် ဆိတ်ကွယ်ရာ၌ပြုသော အမှုအရာတို့ကို စကားပြောကာမျှ၌ ညစ်ငြူးခြင်းပါသေး၏” (ဧဖက်သြဝါဒစာ ၅း၁၂) ဟူ၍ဆိုထားသဖြင့်

မကောင်းမှု မကောင်းသောကိစ္စများကို မလိုအပ်ဘဲ ပုံကြီးချဲ့၍ ရှင်းလင်းပြောပြခြင်း မပြုအပ်ပါ။

သင့်ဆယ်ကျော်သက်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် သင်၏စံများကို သင်ကလျှော့ချကျေအေး သင့်ပါသလား။ အရေးမကြီးသော ကိစ္စလေးများနှင့်ပတ်သက်၍ အဘယ်မည်သော မိဘသည်သူ၏ ကလေးငယ်များနှင့် စကားအချေအတင် ပြောဆိုချင်ပါသနည်း။ သင်၏စည်းကမ်းများကို ပြန်လည်စစ်ဆေး ကြည့်နိုင်ပါသည်။ အကြောင်းပြချက်များကို ရှင်းလင်းလာစေပြီး ကျမ်းစာလာဆုံးမချက်များအတိုင်း ပြန်လည်ပြုပြင်နိုင်ပါသည်။ သို့သော် သင်၏စံများသည် ခိုင်မာသည်ဟု သင်ယူဆနေသေးလျှင် သင့်ကလေးများအတွက် အကောင်းဆုံးဖြစ်သဖြင့် ထိုစံများကို လျှော့ချခြင်းမပြုသင့်ပါ။ သင့်ဆယ်ကျော်သက်များက သင်၏စကားကို နားထောင်မည်ဆိုပါက သူတို့အတွက် သင်စီမံထားသည့် ကောင်းကျိုးချမ်းသာများကို သူတို့ခံစားကြရပါလိမ့်မည်။

**ဒုတိယယုံတမ်းစကား – အနေးနှင့်အမြန်ဆိုသကဲ့သို့ သူတို့တစ်ဦးတည်းဆောင်ရွက်ကြရပေမည်။**

ဤအယူအဆကြောင့်ပင် ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်ဟု ယူဆကာမိခင်များက သူတို့၏ကလေးငယ်များကို နေ့ကလေးထိန်းကျောင်းများ၊ မူကြိုကျောင်းများသို့ ပို့အပ်ကြပေသည်။ မိဘများက အကာအကွယ်ပေးလွန်းသည်။ အဖြစ်သည်းလွန်းသည်ဟု အထင်ခံရမည်ကို စိုးသောကြောင့် ကလေးများကို လွတ်လပ်ခွင့်ပေးကာ လမ်းဘေးရောက်နေကြသည်။ ထိုသို့သောဆယ်ကျော်သက်များနှင့် မည်သို့ဆောင်ရွက်ကြမည်နည်း။ ထိုအချက်ကို အသိအမှတ်ပြုရန်ကား ခက်လှသည်။ “ထိုလူသည်မလဲခြင်းငှာ သတိပြုစေ။ လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ယှက်ခြင်းကိုသာ သင်တို့သည်ခံကြရ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။” ( ကောရိန္သုဩဝါဒစာစောင် ၁၀:၁၃) မိန့်ကြားထား၏။ လမ်းလျှောက်တတ်စ ကလေးငယ်တစ်ဦးက လူစိမ်းတစ်ဦးပေးသည့် ချိုချဉ်ကိုမငြင်းဆန်ခြင်းအတွက် သင့်အဖို့ ထူးဆန်းနေပေလိမ့်မည်။ ထို့ကြောင့် သူ့ကိုသတိနှင့် စောင့်ကြည့်ရပေလိမ့်မည်။

ဖြစ်လာမည့်အကျိုးဆက်များကို သူကိုယ်တိုင်ကျိုးကြောင်း ခိုင်လုံစွာကိုင်တွယ် ဖြေရှင်းနိုင်သော အခြေအနေထက်ပို၍ ဆယ်ကျော်သက်တစ်ဦးကို လွန်ကဲသောလွတ်လပ်ခွင့် မပေးပါနှင့်။

သူတို့သာ ဆောင်ရွက်ကြရမည်ဟု မည်သူပြောသနည်း။ သူတို့အား အမှီအခိုကင်းခြင်းထက် အမြော်အမြင်ရှိခြင်းကို ပိုမိုသင်ကြားပေးပါ။ ကျွန်ုပ်တို့အားလုံးသည်ပင် အားနည်းချို့ယွင်းချက် ရှိကြသည်။ အပြစ်မကင်းသူများ ဖြစ်ကြသည်။ ဤလောကကြီးတွင် နေထိုင်ရေးအတွက် အကူအညီမှန်သမျှ ကျွန်ုပ်တို့လိုအပ်ကြပါသည်။ သင့်ကလေးများအား “ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်သာစီရင်ခွင့်ရှိသည်” ဟူသော သဘောထားမှ ကင်းလွတ်စေပြီး ဝိညာဉ်တော်၏ တပည့်သာဝက ဖြစ်လာစေရန် လမ်းညွှန်ကူညီပေးပါ။

**တတိယယုံတမ်းစကား – လူတိုင်းသည် သူတို့၏ကိုယ်ပိုင်ရွေးချယ်မှုပြုလုပ်ရမည်။ မိဘများက ကလေးများ၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို အတင်းအကျပ်ပြုခွင့် မရှိပေ။**

ဤအချက်နှင့်ပတ်သက်၍ အမှန်နှင့်အမှားကို ကျွန်ုပ်တို့အားလုံးလိုလိုပင် သိမြင်ကြပါသည်။ ဆယ်ကျော်သက်များကို သူတို့၏ကိုယ်ပိုင်ရွေးချယ်ခွင့် ပေးလိုက်ပါက မည်သည့်အကျိုးတရား ဖြစ်ထွန်းလာမည်နည်း။ သူတို့အား လုံးဝလက်လွှတ်လိုက်ခြင်း မပြုမီသူ၏ကိုယ်ပိုင်ရွေးချယ်ခွင့်သည် မည်မျှလွတ်လပ်မှု ရှိမည်နည်းဟု ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့မေးကြည့်သင့်သည်။ အသက် ၁၄နှစ်ကလေးတစ်ဦးက သူ၏အသက်မွေးမှုလုပ်ငန်းကို ဆုံးဖြတ်သည်ဆိုပါစို့။ ထိုအလုပ်ကို မကျွမ်းကျင်သေးသဖြင့် သူ၏ရွေးချယ်မှုတွင် ကန့်သတ်တားမြစ်ချက်များ ဖြစ်လာနိုင်ပါသလား။ ကိုယ်ကျင့်တရားကောင်းမွန်သော ယောကျ်ားကလေးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ဖူးခြင်းမရှိသော ၁၆နှစ်မိန်းကလေးတစ်ဦးအား သူမ၏အိမ်ထောင်ဘက်ကို ကိုယ်တိုင်ရွေးချယ်ခွင့် ပေးသင့်ပါသလား။

သူတို့တွင် ပြည့်ဝစွာကြိုတင်ပြင်ဆင်မှု မရှိသေးဘဲ ဆယ်ကျော်သက်များ၏ ကိုယ်ပိုင်ရွေးချယ်ခြင်းကို ခွင့်ပြုမည်ဆိုပါက သူတို့ကံကြမ္မာသူတို့ ဖန်တီးကြပေရော့ဟု ကျွန်ုပ်တို့က သဘောထားကာ လက်လွှတ်ပေးရာရောက်ပေသည်။

ကျွန်ုပ်တို့၏ ကလေးများအား လမ်းညွှန်မှုပြုရေးကို ဘုရားသခင်က ကျွန်ုပ်တို့အား တာဝန်ပေးအပ်ခြင်းကို ကျွန်ုပ်တို့မမိုတ်မသုန်လက်ခံကြရပါမည်။

**စတုတ္ထယုံတမ်းစကား – ဆယ်ကျော်သက်တို့တွင် သိမ်မွေ့သောအတ္တရှိသဖြင့် သူတို့၏အတ္တပုံရိပ်ကို သတိနှင့်တည်ဆောက်ပေးရမည်။**

အတ္တပုံရိပ်နည်းခြင်းကို မည်သို့ကုသပေးမည်နည်း။ ကျွန်ုပ်တို့၏ ဘဝနှင့်သူ၏ ကျက်သရေတော်အတွက် ကျွန်ုပ်တို့ဘဝအခြေအနေများကို ဖန်ဆင်းသော ဘုရားသခင်၏ ဉာဏ်တော်ကိုယုံကြည်ပါ။ ကျေးဇူးတင်ပါ။ ဘုရားသခင်နှင့် အခြားသူများအတွက် စိတ်နှလုံးကောင်းရှိခြင်းသည် မိမိအတ္တနှင့် ဘုရားသခင်၏အမှုတော်အတွက် အလေးပေးခြင်းမည်ပေသည်။ သင်၏ ဆယ်ကျော်သက်များ

သည်သူတစ်ပါးအား ကူညီစိတ်ထက်သန်သည် ဆိုပါက သူ့ဘဝတွင် အကျိုးရှိသောလုပ်ငန်းများနှင့် ပြည့်နှက်နေပြီး မိမိကိုယ်မိမိ သနားရန် အချိန်ရမည်မဟုတ်ပေ။ သူ့အနေဖြင့် လောကအတွက် အရေးကြီးသောကိစ္စများကို သယ်ပိုးနေကြောင်း သူဘာသာသူ သိရှိပေသည်။